
# နည်းပညာပိုင်းဆိုင်ရာ မှတ်စု - COVID-19 နှင့် ကလေးအလုပ်သမား



## ၁. မိတ်ဆက်

ကုလသမဂ္ဂသည် ၂၀၂၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမားများပပျောက်ရေးနှစ်အဖြစ် ကြေငြာခဲ့ပြီး ထိုသို့သော ညှင်းပန်းနှိပ်စက်မှုများနှင့် ခေါင်းပုံဖြတ်ခြင်းများကို တိုက်ဖျက်ရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်လျာထားချက် ၈.၇ အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ ကမ္ဘာတစ်ဝှမ်း တွင် ခန့်မှန်းခြေ (၁၅၂) သန်းသော ကလေးသူငယ်များမှာ ကလေးအလုပ်သမားများဖြစ်ကြပြီး ၎င်းတို့မှ တစ်ဝက်နီးပါး (၇၃) သန်းခန့်မှာ ဘေးအန္တရာယ်ရှိသော ကလေးအလုပ်သမားများဖြစ်ကြသည်။ COVID–19 ပေါ်ပေါက်လာခြင်းသည် ထိုလျာထားချက် ပန်းတိုင်များအတွက် ဘေးအန္တရာယ်ကြီးမားစွာဖြစ်စေသည်။ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အကျပ်အတည်းသည် နောက်ဆက်တွဲအကျိုးဆက်များဖြင့် နေရာအနှံ့အပြားတွင် ကြီးစွာသော အနှောက်အယှက်များ ဖြစ်လာစေခဲ့သည်။ ကလေးများစွာသည် ကျောင်းရပ်နားလိုက်ကြရပြီး မိသားစုများအပေါ်တွင်လည်း စီးပွားရေးဆိုင်ရာဖိအားများ ဆက်လက်တိုးမြင့်လာခဲ့သည်။ ယင်းအချက်သည် ကလေးသူငယ်သန်းပေါင်းများစွာကို ကလေးအလုပ်သမားများအဖြစ်တွန်းပို့နိုင်ပြီး ကလေးအလုပ်သမားများအတွက်လည်း စိုးရိမ်ဖွယ်ရာများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ကိစ္စတစ်ခုဖြစ်သည်။ အလုပ်လုပ်နေကြသည့် ကလေးများအတွက် ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေပိုမိုများပြားပြီး (ပြန့်ပွားကူးစက်မှုပိုမိုတိုးတက်လာနိုင်)

အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်လုပ်နေရသည့် ကလေးအလုပ်သမားများ (WFCL)[1] အဖြစ်ကျရောက်သွားနိုင်ကာ ဘေးအန္တရာယ်များကို တွေ့ကြုံရမှု ပိုမိုမြင့်မားသွားစေနိုင်သည်။

ဤနည်းပညာပိုင်းဆိုင်ရာမှတ်စုသည် COVID–19 ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များနှင့် မည်သို့သောလုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်မည်ဟူသည့်အချက်များနှင့် ပတ်သက်၍ လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအတွက် လမ်းညွှန်ချက်များနှင့် သတင်းအချက်အလက်များ ပေးနိုင်ရန်ဖြစ်ပါသည်။ အခန်း (၂) တွင် COVID–19 သည် ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိနေသည့် ကလေးများနှင့် ကလေးအလုပ်သမားအဖြစ်လုပ်ကိုင်နေကြသည့်ကလေးများအတွက် ထိခိုက်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို တင်ပြထားပါသည်။ အခန်း (၃) တွင် ၂၀၁၉ ခုနှစ် <u>လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်ချက်များတွင် ကလေးသူငယ်များ အားအကာအကွယ်ပေးရေး အနိမ့်ဆုံး စံသတ်မှတ်ချက်များ (CMPS)</u> နှင့် <u>ကလေးအလုပ်သမားများအတွက် အရေးပေါ်ဆောင်ရွက်ရန် နည်းလမ်းများ</u> (ပြန်လည်တည်းဖြတ်ထားသည့်မူသည် ၂၀၂၀ တွင် ထွက်မည်ဖြစ်သည်) စသည် တို့နှင့်အညီ စီမံချက်ဆိုင်ရာများ လုပ်ဆောင်ရန်၊ အသိပေးထောက်ခံတင်ပြရန်အချက်များကို တင်ပြထားပါသည်။ အခန်း (၄) တွင် သတင်းအချက်အလက်များရနိုင်မည့် အရင်းအမြစ်များကို တင်ပြထားပါသည်။

## ၂. COVID–19 ဖြစ်ပွားနေသည့် အခြေအနေအတွင်းမှ ကလေးအလုပ်သမား

ကလေးအလုပ်သမားဖြစ်ပွားနိုင်ခြေများမှာ အမြဲတစေ ချက်ချင်းမြင်လွယ်မှုမရှိသောကြောင့် အတွေ့အကြုံများအရ ဆိုနိုင်သည်မှာ ကြီးမားသော စီးပွားရေးအကျပ်အတည်းသည် ကလေးအလုပ်သမားများကို ထိခိုက်နိုင်ခြေရှိသည်များအား ပိုမိုဆိုးဝါးစေမည်ဖြစ်ပြီး ကလေးအလုပ်သမားပျံ့နှံ့ဖြစ်ပွားမှုလည်း တိုးတက်လာမည့်အနေအထားရှိနိုင်သည်ဟူသည့် အချက်ဖြစ်သည်။ အောက်တွင်ဖော်ပြထားသည့် အချို့သော ကလေးအလုပ်သမားဖြစ်ပွားနိုင်ခြေရှိသည့်အချက်များသည် လက်ရှိ COVID–19 ကပ်ရောဂါဖြစ်ပွားမှုတွင် ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပြီး အခြားသောအချက်များမှာမူ ကူးစက်ရောဂါဖြစ်ပွားမှုများအပါအဝင် ယခင်ကဖြစ်ပေါ်ခဲ့သော လူသားများနှင့်သက်ဆိုင်သည့် အကျပ်အတည်းများတွင် ပျံ့နှံ့ဖြစ်ပွားခဲ့သည့် အချက်များဖြစ်သည်။

| ကလေးအလုပ်သမားဖြစ်နိုင်ခြေ | ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် အကြောင်းအချက်များ |
|---|---|
| **ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးသူငယ်များ[2]** | |
| • ကလေးသူငယ်များသည် ၎င်းတို့မိသားစုများ၏ အခြေခံလိုအပ်ချက်များ ပြည့်မီနိုင်ရန်အတွက် စီးပွားဖြစ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရခြင်းများ အပါအဝင် | • စာသင်ကျောင်းများပိတ်ခြင်း၊ သင်ကြားရေးဌာနများနှင့် ဝေးကွာသော နေရာများမှ သင်ကြားရေးနေရာများသို့ လက်လှမ်းမီရောက်ရှိမှု အကန့်အသတ်ရှိခြင်းသည် အိမ်တွင်နေရသည့် အချိန်များ ပိုများလာစေသည်။ |

[1] *ILO ပြဋ္ဌာန်းချက်အမှတ် (၁၈၂) အပိုဒ် (၃)၊ https://www.ilo.org/ipec/facts/WorstFormsof Childlabour/lang – –en/index.htm*

[2] *အဖော်မရှိသည့် သို့မဟုတ် မိသားစုနှင့် ကွဲကွာနေသည့် ကလေးသူငယ်များ – ယခင် ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်ခဲ့ဖူးသောကလေးများ၊ အလုပ်လုပ်နေသည့် မောင်နှမသားချင်းရှိသည့် ကလေးသူငယ်များ၊ ကလေးသူငယ် ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ သို့မဟုတ် ရွှေ့ပြောင်းသွားလာသူများ*

| | |
|---|---|
| ကလေးအလုပ်သမား/WFCL များအဖြစ်သို့ တွန်းပို့ခြင်းခံကြရသည်။<br>• ကလေးသူငယ်များ အထူးသဖြင့် မိန်းကလေးများသည် မိသားစုများ၏ ရှင်သန်ရပ်တည်ရေးအတွက် ပိုမိုကြီးမားသည့် တာဝန်များယူကြရသည်ဟု ယူဆရပြီး အိမ်မှုကိစ္စများနှင့် ပြုစုစောင့်ရှောက်ရေး တာဝန်များအတွက် နာရီပေါင်း ပိုမိုရှည်ကြာစွာ လုပ်ကိုင်ပေးကြရသည်။*<br>• စိုက်ပျိုးရေးနှင့် အိမ်တွင်းလုပ်ငန်းများအပါအဝင် မိသားစုလုပ်ငန်းများတွင် ပြင်ပအလုပ်သမားများ မရှိ သောကြောင့် မိသားစုကိုကူညီရန်အတွက် ကလေးများက ပို၍ တာဝန်ယူကြရသည်။*<br>• ကလေးအုပ်ထိန်းကြသူများသည် ကလေးအလုပ်သမားအဖြစ်ခိုင်းစေခြင်းနှင့် ကလေးများအား အိမ်ထောင်ပြု စေခြင်းများ အပါအဝင် အန္တူတ်သဘော ဆောင်သည့် အသက်ရှင်သန်ရေးနည်းလမ်းများကို ကျင့်သုံးကြသည်။*<br>• လူနာ ပြုစုစောင့်ရှောက်ရသူကလေးများ အထူးသဖြင့် မိန်းကလေးများသည် နာမကျန်းဖြစ်နေသော ဆွေမျိုးများကို ပြုစု စောင့်ရှောက်ရခြင်းကြောင့် ရောဂါဘယကူးစက်နိုင်ခြေကို ပိုမိုခံစားကြရသည်။* | • သေဆုံးခြင်း၊ ဖျားနာခြင်း၊ အသွားအလာကန့်သတ်ခြင်းများကြောင့် အလုပ်ဆုံးရှုံးရခြင်းတို့သည် မိသားစုဝင်ငွေများကို လျော့ကျစေသည်။<br>• မိသားစုများတွင် ဓလေ့ထုံးတမ်းစဉ်လာအရ ယောကျ်ားလေး၊ မိန်းကလေး ကွဲပြားမှုအပေါ် အရိုးစွဲနေသည့် အချက်များ – မိန်းကလေးများ၏ အခန်းကဏ္ဍသည် သန့်ရှင်းရေး၊ ချက်ပြုတ်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်း စသည်တို့တွင်သာ ပိုမိုများပြားပြီး ယောကျ်ားလေးများ အတွက်မူ ၎င်းတို့မိသားစု၏ ဝင်ငွေတိုးလုပ်ငန်းများတွင် ပါဝင်ကူညီရန် ဖိအားများ ဖြစ်လာစေသည်။<br>• အားနည်းသော သို့မဟုတ် မနိုင်ဝန်ကို ထမ်းထားရသည့် အစိုးရများသည် အချို့သော ထိခိုက်နိုင်ခြေရှိသည့် လုပ်ငန်း ကဏ္ဍများတွင် ခေါင်းပုံဖြတ်ခြင်းကို တားဆီးနိုင်မည်မဟုတ်ပါ။<br>• ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့်ကလေးသူငယ်များအတွက် မရှိမဖြစ်ဝန်ဆောင်မှုများ နည်းပါးမှုကြောင့် ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များ ပြည့်မီမှုမရှိပေ။<br>• တစ်ဦးတည်းအထီးကျန်ဖြစ်နေသော ကလေးသူငယ်များ အနေဖြင့် သက်တူရွယ်တူများ၊ မိတ်ဆွေသူငယ်ချင်းများ မရှိ ကြသောကြောင့် အခြားသော အထောက်အပံ့ပေးမည့် ကွန်ရက်များနှင့် အဆက်အသွယ်မရရှိကြပေ။<br>• ဆေးရုံတက်ရခြင်း၊ အသွားအလာကန့်သတ်ထားခြင်း၊ သီးခြားခွဲခြားထားရှိခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း သို့မဟုတ် သေဆုံးခြင်း စသည့်ကိစ္စများကြောင့် မိသားစုများ ကွဲကွာရခြင်းများဖြစ်ပေါ်သည်။<br>• COVID–19 နှင့်ပတ်သက်၍ ထင်ကြေးပေးပြောဆိုကြခြင်းများကြောင့် ရောဂါနှင့်ပတ်သက်သော ထိခိုက်နိုင်ခြေရှိသည့်အန္တရာယ် များ အထူးသဖြင့်ကလေးများ အတွက် ရောဂါ၏အန္တရာယ်သည်နည်းပါးလှပါဟုယုံမှားစေလျက်ရှိစေပါသည်။ |
| **ကလေးအလုပ်သမားအဖြစ်အလုပ်လုပ်နေကြသည့် ကလေးသူငယ်များ** | |
| • ကလေးသူငယ်များအလုပ်လုပ်ကိုင်နေရသည့် အခြေအနေများတွင် ပိုမိုဘေးအန္တရာယ်ရှိပြီး (ဥပမာ – ပိုမိုရှည်ကြာသည့်အလုပ်ချိန်များ၊ ပိုမို အန္တရာယ်ရှိ သည့်အလုပ်တာဝန်များ သို့မဟုတ် ပိုမို ဘေးဥပါဒ် ဖြစ်စေသော | • အလုပ်လုပ်နေကြသည့် ဆယ်ကျော်သက်လူငယ်များ အထူးသဖြင့် စိုက်ပျိုးရေးတွင် အလုပ်လုပ်နေကြသူများသည် ကျွမ်းကျင်မှုအနည်းငယ်သာလိုအပ်သောအလုပ်များ၊ လုပ်ခ နည်းနည်းသာရရှိကြပြီး ပုံမှန်အားဖြင့် အကာအကွယ်ပေးရေး ပစ္စည်းကိရိယာများ သို့မဟုတ် |

* ထိုအချက်များကို ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများနှင့် ကလေးအလုပ်သမားအဖြစ်လုပ်ကိုင်နေသော ကလေးများနှစ်မျိုးလုံးတွင် တွေ့ရှိရသည်။

| | |
|---|---|
| လုပ်ငန်းခွင်အနေအထားများ) အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဖြစ်သည်။<br>• လူမှုရေးအရ ထိန်းချုပ်ရန်အတွက် ထုတ်ပြန်ထားသည့်အမိန့်များကို ချိုးဖောက်ရခြင်း၏ ရလဒ်အနေဖြင့် အလုပ်လုပ်နေသည့်ကလေးများ ဖမ်းဆီး ခံရခြင်း၊ ဥပဒေအရ အရေးယူခြင်းများ၊ ဒဏ်ငွေ နှင့်/ သို့မဟုတ် ထောင်ဒဏ် ချမှတ်ခံရခြင်းများ။*<br>• စိတ်ပိုင်းဆိုင်ရာ ပူပန်ဆင်းရဲမှုများ တိုးပွားလာခြင်း များ။*<br>• ဩဇာအာဏာရှိသူများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်းနှင့် ညှင်းပန်းနှိပ်စက်ခံရခြင်းများ အပါအဝင် အကြမ်းဖက်မှုပုံစံမျိုးစုံနှင့် လူကုန်ကူးမှုများကို ထိတွေ့ခံစားရခြင်းများ။*<br>• ရောဂါကူးစက်မှုကို ပိုမိုထိတွေ့ခံစားရနိုင်ခြေရှိခြင်း။<br>• မိဘများနှင့် ကလေးသူငယ်များ အလုပ်ကို ရှာဖွေလာကြခြင်းကြောင့် ကလေးများကို အထီးကျန် ခွဲခြားထားရှိရခြင်းများ နှင့်/သို့မဟုတ် ကလေးများ ကို ထိခိုက်နိုင်ခြေရှိသည့် ကိစ္စရပ်များနှင့် ထိတွေ့ စေခြင်းကြောင့် မိသားစုများခွဲခွာနေထိုင်ရခြင်းနှင့် ရွှေ့ပြောင်းသွားလာရခြင်း အစရှိသည့် ထိခိုက်နိုင်ခြေများ တိုးပွားဖြစ်ပေါ်စေသည်။*<br>• အဝင်အထွက်ပိတ်ဆို့ကန့်သတ်ခြင်း (lockdown) ပြီးနောက်တွင် ကျောင်းပြန်တက်နိုင်ခြေ နည်းပါးသွားခြင်း။ | ဘေးကင်းလုံခြုံရေးပစ္စည်း များ၊ ဆေးဝါးပြုစုကုသမှု၊ နာမကျန်းခွင့် သို့မဟုတ် လူမှုရေးရာအကာအကွယ်ပေးမှုမရကြသူများဖြစ်သည်။<br>• လုပ်ငန်းလည်ပတ်မှုမရှိတော့သော လုပ်ငန်းများ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ဆုံးရှုံးခြင်း သို့မဟုတ် အလုပ်ချိန်လျှော့ချခံရခြင်းများ။<br>• ကလေးအလုပ်သမားဖြစ်နေသော ကလေးသူငယ်များ အတွက် မရှိမဖြစ်ဝန်ဆောင်မှုများ ပိတ်သိမ်းခြင်းများ (အရှိန်မြှင့်သင်ကြားရေးအစီအစဉ်များ၊ စာသင်ကျောင်းများ၊ အစားအစာ၊ အမှုကိစ္စများကို စီမံခန့်ခွဲမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေး စသဖြင့်)။ အထူးသဖြင့် လမ်းမများပေါ်တွင် နေထိုင်ကြသော/ အလုပ်လုပ်ကြသော ကလေးသူငယ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များမှာ ပို၍ ထိခိုက်နိုင်ခြေရှိသည်။<br>• သေဆုံးခြင်း၊ ဖျားနာခြင်း၊ အသွားအလာ ကန့်သတ်ခြင်းများ နှင့် အလုပ်အကိုင်ဆုံးရှုံးမှုများကြောင့် အိမ်ထောင်စု၏ အလုံးစုံသော ဝင်ငွေများ လျော့ကျမှုများ။<br>• မရှိမဖြစ်ဝန်ဆောင်မှုများကို ပေးရသောလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးရေး၊ အစားအစာနှင့်သက်ဆိုင်သော လုပ်ငန်းတန်ဖိုးကွင်းဆက် (Value chain) များ၊ ကုန်ထုတ်လုပ်ရေး နှင့်/သို့မဟုတ် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစရှိသည့် လုပ်ငန်းများတွင် ကလေးအလုပ်သမားများကို ကြီးကြပ်မှု နှင့်/သို့မဟုတ် စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းမှုများ အကန့်အသတ်ရှိခြင်း။<br>• ကလေးအလုပ်သမားများ၏ လုပ်ငန်းခွင်များဖြစ်သည့် တရားဝင်နှင့် တရားမဝင်လုပ်ငန်းကဏ္ဍများတွင် စုံစမ်းစစ်ဆေးခြင်းနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုများ အကန့်အသတ်ရှိခြင်း။<br>• လုပ်ငန်းခွင်များအတွင်း တစ်ကိုယ်ရေသန့်ရှင်းမှု အလေ့အကျင့်များ သို့မဟုတ် တစ်ကိုယ်ရေ အကာအကွယ်ပေးရေးပစ္စည်းများ မရှိခြင်းသည် ဘေးအန္တရာယ်ရှိသော အခြေအနေများနှင့် COVID-19 ဗိုင်းရပ်စ် ကူးစက်ခံရခြင်း နှင့်/သို့မဟုတ် ပြန့်ပွားကူးစက်ခြင်းများ ဖြစ်နိုင်ခြေ ပိုမိုတိုးလာနိုင်ခြင်း။ |

## ၃. လုပ်ဆောင်ချက် အစီအစဉ်များ – COVID-19 ဖြစ်ပွားနေဆဲကာလအတွင်း ကလေးအလုပ်သမား ကိစ္စရပ်များကို ကြိုတင်ကာကွယ်ခြင်းနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်း

အလုပ်ရှင်များအပါအဝင် လူပုဂ္ဂိုလ်တစ်ဦးခြင်း၊ မိသားစုများနှင့် အုပ်ထိန်းသူများ၊ ရပ်ရွာလူထုများသည် ကလေးသူငယ်များကို ကလေးအလုပ်သမားများ ဖြစ်မသွားစေရန် အရေးကြီးသောကဏ္ဍမှ ပါဝင်ပါသည်။ COVID–19 ဖြစ်ပွားနေသည့် ကာလ အတွင်း ကလေးအလုပ်သမားများဆိုင်ရာ ထိခိုက်နိုင်ခြေများကို လျှော့ချရန်နှင့် လိပ်မှုဖြေရှင်းရန်အတွက် ကလေးသူငယ် အကာအကွယ်ပေးရေး ဆောင်ရွက်နေသူများသည် အောက်ဖော်ပြပါလုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သည်။

## ၃.၁ အခြားသောကဏ္ဍများနှင့် အလုပ်လုပ်ခြင်း

COVID–19 ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ကလေးအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်တားဆီး ကာကွယ်ရန်နှင့် လိပ်မှုဖြေရှင်းရန်အတွက် ကလေးသူငယ်အကာအကွယ်ပေးရေး ဆောင်ရွက်နေသူများသည် ကလေး အလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများ သို့မဟုတ် ကလေးအလုပ်သမားများ၏ မတူကွဲပြားသည့် လိုအပ်ချက်များ ကို လိပ်မှုဖြေရှင်းရန်အတွက် အခြားသောကဏ္ဍများနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

**ကျန်းမာရေးကဏ္ဍ (<u>CPMS စံသတ်မှတ်ချက် ၂၄</u>)**

- ကလေးအလုပ်သမားများအဖြစ်လုပ်ကိုင်နေသော ကလေးများသည် ကလေးများနှင့် အကျွမ်းတဝင်ရှိစေမည့် ကျန်းမာရေးဆိုင်ရာ သတင်းများကို ရရှိနိုင်စေရန် ဦးတည်လုပ်ဆောင်သောလုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍများအား လက်လှမ်းမီသိရှိနိုင်ကြောင်းသေချာစေရမည်။
- ကလေးအလုပ်သမားများကို ခွဲခြားသတ်မှတ်ရန်၊ တားဆီးကာကွယ်ရန်နှင့် သတင်းပို့တင်ပြနိုင်ရန်အတွက် COVID–19 ပြန်လည်တုံ့ပြန်ဆောင်ရွက်ရေးတွင် ပါဝင်လုပ်ကိုင်နေသော ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြား ပေးရမည်။
- လုပ်ငန်းခွင်အတွင်းရှိ ကလေးသူငယ်များအတွက် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ ကလေးအလုပ်သမားများစွာ ပျံ့နှံ့တည်ရှိနေသောနေရာများတွင် (ရွေ့လျား)ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ သို့မဟုတ် အုပ်ထိန်းသူများထံသို့ ကလေးသူငယ်များကို လွှဲပြောင်းပေးခြင်း သို့မဟုတ် နာမကျန်း ဖြစ်နေသည့် မိသားစုဝင်များကို သက်ဆိုင်ရာနေရာသို့ ရည်ညွှန်းလွှဲပို့ပေးခြင်းများမှတဆင့် အလုပ်လုပ်နေသည့် ကလေးသူငယ် များ၏ ကျန်းမာရေးကို မြှင့်တင်နိုင်ရန်အတွက် ဗျူဟာများရေးဆွဲဖော်ထုတ်ရမည်။
- အလုပ်လုပ်နေသည့် ကလေးသူငယ်များအတွက် COVID–19 တားဆီးကာကွယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေး လုပ်ငန်းများတွင် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များပေးရာ၌ ဘဝတွက်တာ သင်ယူစရာ ပညာရပ်များနှင့် အခြားသောလှုပ်ရှားမှုများအပါအဝင် နောက်ဆုံးရသတင်းအချက်အလက်များ၊ လိုအပ်ချက်နှင့် ကိုက်ညီသော သတင်းအချက်အလက်များကိုပါ ထည့်သွင်းအသိပေးရမည်။
- စိတ်ကျန်းမာရေးဝန်ဆောင်မှုများနှင့် (ကလေးသူငယ်များကို) အကူအညီပေးရေးဖုန်းလိုင်းများအပါအဝင် COVID–19 နှင့် ပတ်သက်သည့် ကျန်းမာရေး သတင်းအချက်အလက်များ၊ အထောက်အကူပေးရေးလမ်းကြောင်းများသည် ကလေးသူငယ်များအတွက် အသုံးပြုရလွယ်ကူပြီး ကလေးအလုပ်သမားဖြစ်နေသည့် ကလေးအားလုံး လက်လှမ်းမီ နိုင်မှုရှိစေရမည်။
- COVID–19 ကြိုတင်ကာကွယ်ရေးပစ္စည်းများ (တစ်ကိုယ်ရေအကာအကွယ်ပေးရေးကိရိယာများ၊ လက်သန့်စင် ဆေးရည်၊ သန့်ရှင်းရေးပစ္စည်းများ၊ ဆပ်ပြာ စသဖြင့်) အပါအဝင် ကျားမနှစ်မျိုးလုံးနှင့် အသက်အရွယ်အလိုက်

သင့်လျော်မှုရှိသော၊ အားလုံးပါဝင်သိရှိနိုင်သော သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများကို အလုပ်လုပ်နေသည့် ကလေးများအတွက် ပေးအပ်သွားရမည်။

**ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (WASH) ကဏ္ဍ (<u>CPMS စံသတ်မှတ်ချက် ၂၄</u>)**

- WASH စီမံချက်များသည် ကလေးသူငယ်များကို ပစ္စည်းများရယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အိမ်သို့လိုက်လံပို့ပေးခြင်း စသည်တို့နှင့် ဆက်စပ်သောလုပ်ငန်းများ၊ ရေ၊ သန့်ရှင်းရေးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများကိုရောင်းချခြင်း၊ ဝန်ဆောင်မှုများပေးခြင်း အစရှိသည့်လုပ်ငန်းများတွင် ကလေးအလုပ်သမားများအဖြစ် လုပ်ကိုင်နိုင်အောင် တွန်းပို့ခြင်း မဖြစ်စေကြောင်းသေချာရမည်။
- ကလေးများအတွက် COVID–19 နှင့် WASH အသိပညာပေးမှုများနှင့် တားဆီးကာကွယ်ရေး သတင်းများသည် ကလေးများနှင့် ကိုက်ညီသင့်လျော်ပြီး ကလေးအလုပ်သမားများလုပ်နေသည့် လုပ်ငန်းကဏ္ဍများနှင့် အလုပ်နေရာများသို့ရောက်ရှိကာ အလုပ်လုပ်နေသည့် ကလေးသူငယ်များအနေဖြင့် မရှိမဖြစ်အရေးကြီးသည့် သတင်းအချက်အလက်များကို လက်လှမ်းမီသိရှိနိုင်ကြောင်း သေချာစေရမည်။
- COVID–19 ပြန်လည်တုံ့ပြန်ဆောင်ရွက်ရေးတွင် ပါဝင်လုပ်ကိုင်နေသော WASH ဝန်ထမ်းများအား ကလေးအလုပ်သမားများကို မည်သို့ ခွဲခြားသတ်မှတ်ရန်၊ တားဆီးကာကွယ်ရန်နှင့် သတင်းပေးတင်ပြရန်များကို လေ့ကျင့်သင်ကြားပေးရမည်။
- COVID–19 ကြိုတင်ကာကွယ်ရေးပစ္စည်းများ (တစ်ကိုယ်ရေအကာအကွယ်ပေးရေးကိရိယာများ၊ လက်သန့်စင်ဆေးရည်၊ သန့်ရှင်းရေးပစ္စည်းများ၊ ဆပ်ပြာ စသဖြင့်) အပါအဝင် ကျားမနှစ်မျိုးလုံးနှင့် အသက်အရွယ်အလိုက် သင့်လျော်မှုရှိသော၊ အားလုံးပါဝင်သိရှိနိုင်သော သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများကို အလုပ်လုပ်နေသည့် ကလေးများအတွက် ပေးအပ်သွားရမည်။

**ပညာရေးကဏ္ဍ (<u>CPMS စံသတ်မှတ်ချက် ၂၃</u>)**

- ဝေးကွာသောနေရာများမှ ပညာရေးလုပ်ငန်းများ (သမားရိုးကျ/ကျောင်းပြင်ပ ပညာရေး)နှင့် စီမံချက်များတွင် ကလေးအလုပ်သမား တားဆီးကာကွယ်ရေး သတင်းအချက်အလက်များကို ထည့်သွင်းရမည်။
- ရပ်ရွာလူထုအတွင်း အသိပညာပေးမြှင့်တင်ရေးလုပ်ငန်းများတွင် ကလေးအလုပ်သမား တားဆီးကာကွယ်ရေး သတင်းအချက်အလက်များကို ထည့်သွင်းရမည်။
- ပညာရေးစီမံချက်များတွင် ကလေးအလုပ်သမားဖြစ်နိုင်ခြေရှိသောကလေးများအတွက်ပါ ထည့်သွင်းဆောင်ရွက်ရန်နှင့် အလုပ်လုပ်နေပြီးဖြစ်သောကလေးများအတွက်လည်း လိုက်လျောညီထွေရှိသော အစီအစဉ်များကို ထည့်သွင်းရမည်ဖြစ်သည်။ ဖြစ်နိုင်ပါက ရေဒီယိုနှင့် အွန်လိုင်းနည်းပညာများကိုပါ အသုံးပြုရန်ဖြစ်သည်။ အွန်လိုင်းပေါ်မှတဆင့် ဘေးဖြစ်လာနိုင်သည့် အကြောင်းအရာများ၊ အွန်လိုင်းပေါ်မှတဆင့် လိမ်လည်ခေါင်းပုံဖြတ်သူများ၊ အွန်လိုင်းအသုံးပြုနေသည့်အချိန်များ များပြားလာမှု အစရှိသည့် ထိခိုက်နိုင်ခြေရှိလာနိုင်သည်များကိုမူ စောင့်ကြည့်လေ့လာခြင်း၊ ဥပဒေအရေအရေးယူခြင်းနှင့် အသိပညာပေးမြှင့်တင်မှုများမှတဆင့် လိပ်မှုဖြေရှင်းသွားရမည်ဖြစ်သည်။
- (ဝေးကွာသောနေရာများအတွက်) ပညာသင်ကြားမှုနှင့် စီမံချက်များသည် ပို၍ငယ်ရွယ်သော၊ အသက်ပိုကြီးသော ဆယ်ကျော်သက်များ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ၊ ရွှေ့ပြောင်းသွားလာသူများ၊ နေရပ်စွန့်ခွာထွက်သွားရသူများနှင့် ဒုက္ခသည် ကလေးသူငယ်များ၊ အခြားသော ကလေး

အလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ထိခိုက်လွယ်သောကလေးများ အစရှိသူအားလုံး၏ သီးသန့်လိုအပ်ချက်များနှင့် လိုက်လျောညီထွေကိုက်ညီမှုရှိကြောင်းသေချာစေရမည်။

- ပညာရေးစီမံချက်များသည် ကလေးများအတွက် အကောင်းဆုံးအကျိုးကျေးဇူးရရှိစေရန် အလုပ်နှင့် လေ့လာသင်ကြားချိန်များကို စီမံပံ့ပိုးပေးပြီး ကလေးများ၏လေ့လာသင်ယူမှုနှင့် မိသားစုများ၊ အလုပ်လုပ်နေသည့် ကလေးများ၏ဝင်ငွေ လိုအပ်ချက်များအကြား ဟန်ချက်ညီမှုရှိကြောင်း သေချာစေရမည်ဖြစ်သည်။
- ကျောင်းများပြန်လည်ဖွင့်လှစ်သည့်အခါ မသင်မနေရကျောင်းပညာရေးကို မပြီးဆုံးသေးသည့် ကလေးအားလုံး အနေဖြင့် ကျောင်းပြန်လည်အပ်နှံရန်နှင့် ကျောင်းပြန်လည်အပ်နှံရေးကို သေချာစေရန်အတွက် ပြည့်စုံကောင်းမွန်သော ဖြန့်ကျက်ကူညီမှုများကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။
- နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) အခွင့်အလမ်းများကို မြှင့်တင်ပြီး COVID–19 ကပ်ရောဂါဖြစ်ပွားနေသည့်အခြေအနေတွင် ဆက်လက်လုပ်ကိုင်နိုင်မည့် ဒစ်ဂျစ်တယ်နည်းပညာများ၊ ကွန်ပျူတာ ပရိုဂရမ်ရေးဆွဲခြင်း၊ ဆော့ဖ်ဝဲများ ရေးသားခြင်း အစရှိသဖြင့် ဒေသတွင်းဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများကို မြှင့်တင်ဖော်ထုတ်ပေးရမည်ဖြစ်သည်။
- ကျောင်းထွက်နိုင်ခြေရှိသည့်ကလေးများ သို့မဟုတ် ကျောင်းထွက်ပြီး ကလေးအလုပ်သမားအဖြစ်ဝင်ရောက်လုပ်ကိုင်မည့် ကလေးများကို စုံစမ်းသိရှိနိုင်မည့် စာသင်ကျောင်းများအား စောင့်ကြည့်လေ့လာသည့်စနစ်များကို ပိုမိုအားကောင်းစေရန် လိုအပ်သည်။

**စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကဏ္ဍ (FSL) (<u>CPMS စံသတ်မှတ်ချက် ၂၂) (CPMS စံသတ်မှတ်ချက် ၂၁)</u>**

- ကလေးအလုပ်သမားဖြစ်နိုင်ခြေရှိနေသည့် ကလေးများကို ခွဲခြားသတ်မှတ်ပြီး ၎င်းတို့၏မိသားစုများကို စားနပ်ရိက္ခာအထောက်အပံ့များ၊ အရေးပေါ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ စီမံချက်များနှင့် ချိတ်ဆက် ပေးရမည်ဖြစ်သည်။
- လျာထားသည့် စားနပ်ရိက္ခာအထောက်အကူပေးရေးစီမံချက်များ၏ စံသတ်မှတ်ချက်များတွင် ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများ၏ မိသားစုများနှင့် ကလေးအလုပ်သမားဖြစ်နေသော ကလေးများ၏ မိသားစုများကို ထည့်သွင်းပေးအပ်ရမည်ဖြစ်ပြီး ကလေးအလုပ်သမား၏ ဝင်ငွေအပေါ်တွင် အားထားနေရသည့် (အားထားခဲ့ရသည့်) အိမ်ထောင်စုများအပေါ်တွင် ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ခံရခြင်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။
- FSL စီမံချက်များသည် ဘေးဥပါဒ်တစ်စုံတစ်ရာမဖြစ်စေဘဲ ကလေးအလုပ်သမားများ မဖြစ်အောင်တားဆီးကာကွယ်နိုင်ရန်အတွက် လုပ်ခပေးသည့် အလုပ်များ/ အလုပ်အကိုင်ခန့်အပ်မှု အခွင့်အလမ်းများကို မြှင့်တင်ဖန်တီးပေးရန်နှင့် တရားဝင်အလုပ်လုပ်နိုင်သည့် အသက်အရွယ်သို့ရောက်နေသည့် ဆယ်ကျော်သက်များ၊ မသင်မနေရပညာရေးပြီးဆုံးပြီးဖြစ်သည့် လူငယ်များကိုသာလုပ်ကိုင်စေရန်ဖြစ်သည်။
- အရေးပေါ်ကာလ စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ (လယ်ယာလုပ်ငန်းများ၊ မွေးမြူရေး၊ ငါးဖမ်းပစ္စည်းပေးဝေခြင်းများ စသဖြင့်) ပေးအပ်ခြင်းနှင့် ကလေးအလုပ်သမားများ လုပ်အားအတွက် ငွေကြေးပေးခြင်းများ၏ အပြုသဘော၊ အနှုတ်သဘော သက်ရောက်မှုများကိုလည်း စောင့်ကြည့်လေ့လာရမည်ဖြစ်သည်။
- မြန်ဆန်စွာ ပြောင်းလဲနေသည့် ဈေးကွက်များနှင့် လုပ်သားဈေးကွက် အခြေအနေများကို စောင့်ကြည့်လေ့လာပြီး အခြေအနေအသစ်များနှင့် လျော်ညီစွာ စီးပွားရေး ပိုမိုခိုင်မာအားကောင်းစေမည့် စီမံချက်များကို လိုက်လျောညီထွေ ဖော်ထုတ်သွားရမည်ဖြစ်သည်။ ဥပမာ PPE များ၊ အစားအသောက်များရောင်းချခြင်းကဲ့သို့သော ဈေးကွက်

အခွင့်အလမ်းများကိုဖန်တီးပြီး COVID-19 အကျပ်အတည်းအတွင်း ကလေးအလုပ်သမား အခြေအနေများကို ဆက်လက်စောင့်ကြည့်လေ့လာနိုင်ပါသည်။

**အကာအကွယ်ပေးရေးကဏ္ဍ**

- ကလေးသူငယ်များ အကာအကွယ်ပေးရေးတွင် မိသားစုများနှင့် ကလေးသူငယ်များအတွက် အမျိုးမျိုးသော ထိခိုက်လွယ်ဖြစ်စေသည့်ကိစ္စရပ်များမှာ – အကျပ်အတည်းကိုဖြေရှင်းရန်အတွက်ကလေးသူငယ်များကို အိမ်ထောင်ပြုစေခြင်း၊ လူကုန်ကူးခြင်းနှင့် ပစ္စည်းပို့သည့်အလုပ်များ သို့မဟုတ် နယ်စပ်ဖြတ်ကျော်၍ ကုန်ပစ္စည်း များပေးပို့ခိုင်းခြင်းကဲ့သို့သော အလုပ်များ၊ ဆွေမျိုးမိသားစုများ သို့မဟုတ် သူစိမ်းများထံတွင် အိမ်အကူ အလုပ်သမားအဖြစ် လုပ်ခိုင်းခြင်းများ၊ လက်ဖြင့်တူးဖော်ရသည့် သတ္တုတွင်းလုပ်ငန်း၊ အနိုပ်ခန်း/ကပြဖျော်ဖြေရ သည့်အလုပ်များ၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးများ၊ အခြားသော အကူအညီလိုအပ်သည့် နေရာများတွင် ခိုင်းစေခြင်းများဖြစ်သည်။
- အလုပ်လုပ်နေသည့်ကလေးများနှင့် ဆွေးနွေးတိုင်ပင်ပြီး ၎င်းတို့အတွက် အဓိကကျသော ကျန်းမာရေးနှင့် အကာအကွယ်လိုအပ်သည့် ထိခိုက်နိုင်ခြေရှိသည့်အရာများ၊ ၎င်းတို့၏ဦးစားပေးကိစ္စရပ်များနှင့် ဖြေရှင်းရန် နည်းလမ်းများကို ခွဲခြား သတ်မှတ်ရမည်။
- ကလေးအလုပ်သမား ဖြစ်သွားနိုင်ခြေရှိသည့် သို့မဟုတ် ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေသည့် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များအတွက် ကျားမကွဲပြားမှုနှင့် အသက်အရွယ်များအလိုက် သင့်လျော် ကိုက်ညီသည့် သတင်းအချက်အလက်များနှင့် အကာအကွယ်ပေးရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင် ကြောင်းသေချာစေရမည်။
- သံသယဖြစ်ဖွယ်ရှိသည့် လုပ်ငန်းများနှင့် ထိခိုက်လွယ်သည့် မိသားစုများကို ခေါင်းပုံဖြတ် အမြတ်ထုတ်နိုင်သူများ အား စုံစမ်းစစ်ဆေးနိုင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် အကာအကွယ်ပေးရေး ဆောင်ရွက်နေသူများ အား ကလေးအလုပ်သမားနှင့် ပတ်သက်သည့် ထိခိုက်နိုင်ခြေရှိသည်များအား အကျဉ်းချုပ်အသိပေးရှင်းပြထား ရမည်။
- အကူအညီပေးရေး အေဂျင်စီများမှ တဆင့်ခံ ကန်ထရိုက်ပေးထားသော လုပ်ငန်းများတွင် အခကြေးငွေပေး၍ အလုပ်လုပ်စေခြင်းများ၊ ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဖြည့်တင်းရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းကွင်းဆက် များစသည့် အဆင့်ဆင့်သော လုပ်ငန်းများတွင် ကလေးအလုပ်သမားများကို ခိုင်းစေနေခြင်းများ မရှိကြောင်း သေချာစေရမည်။

**ငွေသားနှင့် ပစ္စည်းထုတ်ယူခွင့်လက်မှတ်များဖြင့် အကူအညီပေးခြင်း (CVA)**

- ကလေးအလုပ်သမားများကို ဦးတည်၍ COVID-19 ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေးစီမံချက်များ ဆောင်ရွက်မှုတွင် CVA များသည် ကလေးများနှင့် ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာသုခကို မည်သည့် နေရာတွင် မည်သို့ အထောက်အကူပေးနိုင်ကြောင်း ဆန်းစစ်လေ့လာရမည်။
- COVID-19 ကို ပြန်လည်တုံ့ပြန်နိုင်ရန်အတွက် ပေးအပ်သည့် CVA များ၏ ပမာဏသည် ကလေးအလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုများကို ထည့်သွင်းစဉ်းစားပြီး အဆင်ပြေကိုက်ညီမှုရှိကြောင်း သေချာစေရန်လိုအပ်ပြီး ပေးအပ်သည့် အကူအညီများ ထိရောက်မှုရှိစေရန်ဖြစ်သည်။

- လူမှုရေးရာ အကာအကွယ်ပေးရေး စနစ်များသည် ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများ၏ မိသားစုများနှင့် ကလေးအလုပ်သမားဖြစ်နေသည့် မိသားစုများအတွက် လက်လှမ်းမီရရှိနိုင်ပြီး၊ ပါဝင်ဆောင်ရွက်နိုင်စေရန် အသိပေးတင်ပြမှုများပြုလုပ်ရမည်။
- CVA စီမံချက်များ ဆောင်ရွက်နေစဉ်အတွင်း (ပစ္စည်းများပေးဝေပြီးနောက်) စောင့်ကြည့်လေ့လာခြင်းနှင့် ကလေးအလုပ်သမားဖြစ်ရပ် အသစ်များကို ကလေးသူငယ်အကာအကွယ်ပေးရေးကိစ္စရပ်များ စီမံခန့်ခွဲမှုလုပ်ဆောင်နေသူများ ထံသို့ လွှဲပို့ခြင်းများအပါအဝင် အိမ်ထောင်စုအဆင့်တွင် ကလေးအလုပ်သမားများအား ထိခိုက်နိုင်ခြေများကို စောင့်ကြည့်လေ့လာရမည်ဖြစ်သည်။

## ၃.၂ ကလေးသူငယ်အကာအကွယ်ပေးရေးလုပ်ငန်းအထူးပြု လုပ်ဆောင်ချက်များ

| ကနဦး ပြန်လည်တုံ့ပြန်လုပ်ဆောင်ရေး အဆင့်<br>*ရောဂါဖြစ်ပွားမှုအတည်ပြုပြီးနောက် ဗိုင်းရပ်စ်များ ပြန့်ပွားမှုကို နှောင့်နှေးသွားစေရန် လုပ်ဆောင်မှုများ* | ပြန်လည်တုံ့ပြန်ဆောင်ရွက်ရေး အဓိက အဆင့်<br>*ရပ်ရွာလူထုအတွင်း ကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်ရန် လုပ်ဆောင်မှုများ* | ပြန်လည်ထူထောင်ရေးအဆင့်<br>*စာသင်ကျောင်းများနှင့် ဈေးများ ပြန်လည်ဖွင့်လှစ်ရန် အထောက်အပံ့ပေးခြင်းများ* |
|---|---|---|
| **ဖြစ်ရပ်များ စီမံခန့်ခွဲမှု (CPMS စံသတ်မှတ်ချက် ၁၈)** | | |
| • ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ဖြစ်ရပ်များကို စီမံခန့်ခွဲမှုနှင့် အခြားနေရာသို့ လွှဲပို့ပေးသည့် စနစ်များကို ပြန်လည်သုံးသပ် ရာတွင် အိမ်ယာစွန့်ခွာ ထွက်သွားရသူများနှင့် အလွန်မြန်ဆန်စွာ ရွှေ့ပြောင်း သွားလာနေရသူများ အပါအဝင် ကလေး အလုပ်သမား ဖြစ်နိုင်ခြေ ရှိသည့် ကလေးများနှင့် ကလေး အလုပ်သမားများကို ဦးစားပေးထည့်သွင်းစဉ်းစားပြီး လက်ရှိ ကလေးအလုပ်သမား စောင့်ကြည့်လေ့လာမှုများ သို့မဟုတ် ကလေးသူငယ် အကာအကွယ်ပေးရေးစနစ်များကိုလည်း ပြန်လည်သုံးသပ်ရန်။ | • ကလေးအလုပ်သမားများနှင့် ကလေးအလုပ်သမားဖြစ်နိုင်ခြေ ရှိသည့်ကလေးများကို ဖြစ်ရပ် အလိုက် တစ်ဦးခြင်း စီမံခန့်ခွဲ သွားရန်နှင့် တရားဝင် အလုပ်လုပ် နိုင်သည့် အသက် အရွယ်ရှိသည့် ကလေးများအတွက်လည်း သင့်လျော်ကောင်းမွန်သည့် အလုပ် များမရရှိနိုင်ပါက အခြားသော ရွေးချယ်နိုင်မည့် နည်းလမ်းများ ရှာဖွေပေးအပ်ရန်<br>• အဆိုးဝါးဆုံးပုံစံဖြင့် ကလေး အလုပ်သမားခိုင်းစေမှုကို ကြိုတင် ကာကွယ်ရန်နှင့် ပြန်လည်တုံ့ပြန် ဆောင်ရွက်ရန် များအား ဦးစားပေး ဆောင်ရွက်ရန်။ | • ကလေးအလုပ်သမားများနှင့် ကလေးအလုပ်သမားဖြစ်နိုင်ခြေ ရှိသည့်ကလေးများကို ခွဲခြား သတ်မှတ်ခြင်း၊ နောက်ဆက်တွဲ လိုက်လံဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် လူမှုရေးရာ ဝန်ဆောင်မှုများ ပေးနေသည့် အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရန်။ |
| **ကလေးသူငယ်များ ကျန်းမာသုခရှိစေရေးအတွက် အုပ်စုလိုက်လုပ်ဆောင်မှုများ (CPMS စံသတ်မှတ်ချက် ၁၀) (CPMS စံသတ်မှတ်ချက် ၁၅)** | | |

| | | |
|---|---|---|
| • ကလေးအလုပ်သမား/WFCL ဖြစ်ရခြင်းကြောင့် ထိခိုက်နိုင်ခြေ ရှိသည်များနှင့် နောက်ဆက်တွဲ အကျိုးဆက်များ၊ တရားဝင် အလုပ်လုပ်နိုင်သည့် အသက် အရွယ်ရှိသည့် ကလေးများ အနေဖြင့် ကူးစက်ရောဂါ ဖြစ်ပွား နေသည့်ကာလအတွင်း လုပ်ငန်း ခွင်၌ ဘေးကင်း လုံခြုံရေးနှင့် သန့်ရှင်းရေးကို ကျင့်သုံး၍ မည်သို့ ဘေးကင်း လုံခြုံစွာနေရမည် ဟူသည့် အကြောင်းအရာများကို အသက် ငယ်ရွယ်သေးသည့် ကလေးများ နှင့် ဆယ်ကျော်သက် လူငယ်များကို ဆွေးနွေးတိုင်ပင် ရန်။ (အကူအညီပေးရေး ဖုန်းလိုင်းများ၊ ရပ်ရွာလူထုများမှ တဆင့် သို့မဟုတ် အဝေးမှ) | • PSS လုပ်ငန်းများကို စီစဉ် ဆောင်ရွက်ရာတွင် (အဝေးမှ သို့မဟုတ် အစိုးရ၏ လမ်းညွှန်ချက် များနှင့်အညီ) ကလေး အလုပ်သမားဖြစ် နေသည့် ကလေးများနှင့် ဆယ်ကျော်သက် များကို ထည့်သွင်းပြီး ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများကို ဝင်ငွေတိုးလုပ်ငန်းများ၊ အထူးတလည်စီစဉ်ထားသည့် PSS များနှင့် ချိတ်ဆက်ပေးရန်။ | • ကျောင်းပြင်ပ ပညာရေး အစီအစဉ်များနှင့် ကောင်းစွာ ချိတ်ဆက်နိုင်သည့် အလုပ်လုပ်နေသော ကလေးများ အတွက် ကျားမကွဲပြားမှုနှင့် အသက်အရွယ်အလိုက် သင့်လျော် ကိုက်ညီသော စီမံချက်များ ရေးဆွဲရန်။ |
| **မိသားစုနှင့် အုပ်ထိန်းသူများဆိုင်ရာ ပတ်ဝန်းကျင်များကို ပိုမိုအားကောင်းစေခြင်း (CPMS စံသတ်မှတ်ချက် ၁၆)** | | |
| • ကလေးအလုပ်သမား ဖြစ်သွားနိုင် ခြေရှိသည့် ကလေးများနှင့် ကလေးအလုပ်သမားရှိသည့် ထိခိုက်လွယ်မိသားစုများကို ငွေကြေးအကူအညီပေးခြင်း/ လူမှုရေးရာ အကာအကွယ် ပေးရေးစီမံကိန်းများနှင့် စိတ်ပိုင်း ဆိုင်ရာ အထောက်အပံ့များကို လက်လှမ်းမှီ ရယူနိုင်စေခြင်းများ အပါအဝင် မိသားစုဗဟိုပြု၊ ကဏ္ဍပေါင်းစုံပါဝင်သော အကူအညီများပေးအပ်ရန်။ | • COVID–19 ကြောင့် ဝင်ငွေရ လုပ်ငန်းများ ထိခိုက်ခံရသည့် မိသားစုများနှင့် ဆယ်ကျော်သက် လူငယ်များကို ပြုစု စောင့်ရှောက် ရေးဆိုင်ရာ အထောက်အပံ့များ၊ ဘဏ္ဍာရေးနှင့် ပစ္စည်းအကူအညီ များ (ငွေသား သို့မဟုတ် အစားအသောက်မဟုတ် သည့် ပစ္စည်းများ) ပေးအပ်ရန်။ | • ကလေးအလုပ်သမား ကိစ္စရပ်များ ကိုလိပ်မှုဖြေရှင်း ရန်အတွက် မိသားစုများအား ပိုမိုအားကောင်းကြံ့ခိုင်စေမည့် ဗျူဟာများအား ဖော်ထုတ်ရေးဆွဲ နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက် ခြင်း (အကာအကွယ်ပေးရေး၊ ပညာရေး၊ စားနပ်ရိက္ခာဖူလုံရေး နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များ ကလေးအလုပ်သမားဆိုင်ရာနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသူများအပါအဝင် အမျိုးသားအဆင့် လုပ်ငန်း ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ)<br>• ရေရှည်တည်တံ့ခိုင်မြဲမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရွေးချယ်စရာများနှင့် လူမှုရေးရာ အကာအကွယ်များ ပေးအပ်ရန်။ |

| ရပ်ရွာလူထုအဆင့် ချဉ်းကပ်လုပ်ဆောင်မှုများ (CPMS စံသတ်မှတ်ချက် ၁၇) | | |
|---|---|---|
| • ကလေးအလုပ်သမားကိစ္စရပ်ကို တားဆီးကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရပ်ရွာအဆင့် အစပျိုးလုပ်ဆောင်မှုများကို ဖော်ထုတ်ဦးဆောင်မည့် ရပ်ရွာလူထုများကို အထောက်အပံ့ပေးရန်နှင့် ကလေးအလုပ်သမားဖြစ်နေသည့် ကလေးများအား ကဲ့ရဲ့ပြစ်တင်မှုများကို အဆုံးသတ်ရန်။ | • ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့်ကလေးများနှင့် ကလေး အလုပ်သမားများကို နောက်ဆက်တွဲလိုက်လံကူညီနိုင်ရန်နှင့် အထောက်အပံ့ပေးနိုင်ရန် အတွက် ရပ်ရွာအဆင့် ကလေး အလုပ်သမားဖြစ်ရပ်များ စီမံခန့်ခွဲရေးကဲ့သို့သော နည်းဗျူဟာများကို သတ်မှတ်ထုတ်ဖော်နိုင်ရေး အတွက် ရပ်ရွာလူထုများနှင့် အလုပ်လုပ်ရန်။ | • ရပ်ရွာအဆင့် ကလေးသူငယ် အကာအကွယ်ပေးရေး ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်များကို ဆန်းစစ်ရန်နှင့် တည်ဆောက်ပေးရန်၊ ပြန်လည်ထူထောင်ရေး အဆင့်တွင် ကလေးအလုပ်သမား ဆိုင်ရာကိစ္စရပ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်အတွက် စနစ်များ ထူထောင်ရန်။ |
| **အခြားနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (CPMS စံသတ်မှတ်ချက် ၁၉)** | | |
| • မိသားစုများ၏ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် မိသားစုများ ကွဲကွာခြင်းကို ကာကွယ်ပေးရန်<br>• ကလေးအလုပ်သမား ဖြစ်သွားနိုင်ခြေရှိသည့် ကလေးများနှင့် ကလေးအလုပ်သမားများကို အခြားနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ခြင်းများ ရရှိစေရန်<br>• လက်ရှိ မိသားစုအခြေပြု အခြားသောနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်နိုင်ရန် စီစဉ်ထားရှိသည်များကို လူမှုရေးရာ အကာအကွယ်နှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးရန် | • မိသားစုများကွဲကွာရခြင်းနှင့် ကလေးအလုပ်သမား ကိစ္စရပ်များကို တားဆီးကာကွယ်နိုင်ရန် အတွက် ကလေးသူငယ် အကာအကွယ်ပေးရေး ဆောင်ရွက် နေသူများ၏ စွမ်းဆောင်ရည်ကို ထူထောင်ဖြည့်ဆည်းရန်<br>• မိသားစုများကို လိုက်လံရှာဖွေခြင်း နှင့် ပြန်လည်ပေါင်းစည်းရေးတို့တွင် ချိတ်ဆက်ပါဝင်ရန်၊ အဖော်မရှိသော ကလေးများနှင့် ကွဲကွာနေသော ကလေးများကို မိသားစုအခြေပြုသော အခြား ပုံစံနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ရန် (UASC) | • အဖော်မဲ့နေသော၊ အခြားသော နည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ထားရသော ကလေးများ အပါအဝင် ကွဲကွာနေသည့် ကလေးများအကြားမှ (အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခံနေရသည့် )ကလေး အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်အတွက် မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များချမှတ်ရန် |

## ၃.၃ အစိုးရများနှင့် အလုပ်လုပ်ခြင်း

COVID–19 ကူးစက်ကပ်ရောဂါဖြစ်ပွားမှုတွင် ကလေးအလုပ်သမားကိစ္စရပ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည် တုံ့ပြန်ဆောင်ရွက်ရန်အတွက် အသိပေးထောက်ခံတင်ပြခြင်းနှင့် အသိပညာပေးမြှင့်တင်လှုပ်ရှားမှုများမှာ မရှိမဖြစ်အရေးပါသည်။ ထိုလှုပ်ရှားမှုများသည် အလုပ်လုပ်နေသည့်ကလေးများ၏ ဘဝကို အပြုသဘော အပြောင်းအလဲများ ဖြစ်စေရန်အတွက်

အားကောင်းသောလှုပ်ရှားမှုများ ဖြစ်နိုင်ပါသည်။ **အစိုးရများ၊ အဖွဲ့အစည်းများနှင့် အလုပ်လုပ်ရာတွင် အဓိကကျသည့် အသိပေးထောက်ခံတင်ပြနိုင်သော အချက်အလက်များမှာ –**

- ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများရှိသော မိသားစုများကို ငွေသားနှင့် ပစ္စည်းထုတ် လက်မှတ် အကူအညီပေးခြင်း (VCA) ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူပေးခြင်း စသည်တို့ကို ဦးစားပေးဆောင်ရွက်ရန် နှင့်/သို့မဟုတ် လူမှုရေးရာအကာအကွယ်ပေးရေးစီမံကိန်းများတွင် ၎င်းတို့ကို ထည့်သွင်းပါဝင်နိုင်ရန်အတွက် ထောက်ခံတင်ပြရန်
- ကလေးသူငယ် အကာအကွယ်ပေးရေး တုံ့ပြန်ဆောင်ရွက်မှုများ၊ အစီအစဉ်များ သို့မဟုတ် ဆန်းစစ်လေ့လာမှုများတွင် ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို လုံလောက်စွာ ထည့်သွင်းဆောင်ရွက်မှုရှိစေရန်
- ဒုက္ခသည်ဖြစ်နေသော၊ ဒေသတွင်း နေအိမ်စွန့်ခွာထွက်ပြေးရသော၊ ရွှေ့ပြောင်းသွားလာနေသော သို့မဟုတ် နိုင်ငံမရှိသော ကလေးများ၊ မသန်စွမ်း ကလေးငယ်များ၊ ဒေသခံနှင့် လူမျိုးစုကလေးများ၊ တိုင်းရင်းသားလူနည်းစုများ အစရှိသည်တို့မှ အလုပ်လုပ်နေသည့် ကလေးများ၏ အခွင့်အရေးကို ထိန်းသိမ်းပေးရန်နှင့် ထိုကလေးများ နှင့်/သို့မဟုတ် ၎င်းတို့၏ အုပ်ထိန်းသူများ အနေဖြင့် ဝန်ဆောင်မှုများ၊ ပညာရေးနှင့် သင့်လျော်ကောင်းမွန်သော အလုပ်များရရှိနိုင်ရန် တွေ့ကြုံနေရသော သီးသန့်အခက်အခဲ အတားအဆီးများကို အထူးတလည် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်
- ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများ သို့မဟုတ် ကလေးအလုပ်သမားအဖြစ်လုပ်ကိုင်ရန်အတွက် ကျောင်းထွက်ခဲ့သည့် ကလေးများအတွက် စဉ်ဆက်မပြတ် (ကျောင်းပြင်ပ) သင်ကြားရေး အခွင့်အလမ်းများပေးအပ်ရန်
- ကျောင်းထွက်နိုင်ခြေရှိသည့်ကလေးများ သို့မဟုတ် ကလေးအလုပ်သမားအဖြစ်လုပ်ကိုင်ရန်အတွက် ကျောင်းထွက်ခဲ့သည့် ကလေးများကို စုံစမ်းသိရှိနိုင်ရန်အတွက် စာသင်ကျောင်းများအား စောင့်ကြည့်လေ့လာသည့် စနစ်များ ပိုမိုအားကောင်းလာစေရန်
- မိသားစုများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လူငယ်များ အားအလုပ်အကိုင်ခန့်အပ်မှုကို မြှင့်တင်ဆောင်ရွက်ရန်၊ ထို့အတူ တရားဝင်အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိနေသည့် ဆယ်ကျော်သက်များကိုလည်း ကလေးအလုပ်သမားမဖြစ်သွားစေရန်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်
- ကလေးအလုပ်သမား တားဆီးကာကွယ်ရေးနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရေး၊ စီးပွားရေးအရ လုပ်ပိုင်ခွင့်များပေးအပ်လုပ်ကိုင်စေနိုင်မည့် အခွင့်အလမ်းများ မြှင့်တင်ခြင်း၊ လူမှုရေးရာ အကာအကွယ်ပေးရေး စီမံချက်များ နှင့် တရားဝင်အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသည့် ကလေးသူငယ်များ၊ ထိခိုက်လွယ်ကလေးများ၏ မိသားစုများအတွက် ဘေးကင်းလုံခြုံသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း အစရှိသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ချိတ်ဆက်ပါဝင် ဆောင်ရွက်စေရန်
- အသိပေးထောက်ခံတင်ပြနိုင်ရန်အတွက် ကြိုးပမ်းရာတွင် ကလေးအလုပ်သမားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများနှင့် ဆယ်ကျော်သက်လူငယ်များ၊ သို့မဟုတ် ကလေးအလုပ်သမားဖြစ်နေပြီးသည့် ကလေးများကို တိုင်ပင်ဆွေးနွေးရန်နှင့် ၎င်းတို့ဘေးကင်းလုံခြုံစွာပါဝင်နိုင်စေရန်အတွက် အရင်းအမြစ်များ သတ်မှတ်ချထားရန်၊ ထိုကလေးများမှ ဦးစားပေးအဖြစ် သတ်မှတ်ထားသည့်ကိစ္စရပ်များ ပါဝင်ကြောင်း သေချာစေရန်

- COVID-19 ဖြစ်ပွားနေသည့် ကာလအတွင်း ကလေးအလုပ်သမားဆိုင်ရာ ဖြစ်ရပ်များ စီမံခန့်ခွဲမှု၊ ပြုစုစောင့်ရှောက်ရန်အတွက် စီစဉ်ထားရှိမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာနှင့် ခိုလှုံရန်နေရာများကို လက်လှမ်းမီရရှိနိုင်မှု အစရှိသည့် အသက်ကယ်ဆယ်ရေး ကြားဝင်ကူညီမှုများကို ဆက်လက်ဆောင်ရွက်ရန်နှင့် ဦးစားပေးလုပ်ဆောင်ရန်လိုအပ်ပြီး အထူးသဖြင့် စီးပွားဖြစ် (အွန်လိုင်းမှ) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ လူကုန်ကူးမှုမှ လွတ်မြောက်လာသော ကလေးငယ်များနှင့် (ယခင်က) လက်နက်ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုများတွင် ပါဝင်ခဲ့သည့်ကလေးများအပါအဝင် အဆိုးဝါးဆုံး ပုံစံဖြင့် ခိုင်းစေခံခဲ့ရသည့် ကလေးများအတွက် ဖြစ်သည်။

## ၄. အရင်းအမြစ်များ

| | |
|---|---|
| ကလေးအလုပ်သမားဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ (Child Labour Task Force) | Child Labour Task Force website မှ အရေးပေါ်ကာလ ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် နည်းလမ်းများနှင့် COVID-19 ရောဂါသည် ကလေးအလုပ်သမားများအပေါ်မည်သို့ သက်ရောက်သည် ဟူသည့် နမူနာ ဖြစ်ရပ်များ စုစည်းမှု၊ အလေ့အကျင့်များနှင့် စီမံချက်များ လိုက်လျောညီထွေဆောင်ရွက်ခဲ့သည်များ အပါအဝင် သက်ဆိုင်ရာ အရင်းအမြစ်များကို ရရှိပါသည်။ |
| လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများတွင် ကလေးသူငယ်များအကာအကွယ်ပေးရေး မဟာမိတ်အဖွဲ့ (The Alliance for Child Protection in Humanitarian Action) | Alliance for CP in HA website မှ ဤ နည်းပညာပိုင်းဆိုင်ရာ မှတ်စု – Protection of Children during the COVID-19 Pandemic နှင့် နောက်ဆက်တွဲများ အပါအဝင် COVID-19 နှင့် သက်ဆိုင်သည့် အရင်းအမြစ်များကို ရယူပါသည်။ |